ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
(ရေကြောင်းအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနခွဲ )

စာအမှတ်၊ SSE/NM/၀၀၁ /၂၀၁၉
ရက်စွဲ၊၂၀၁၉ - ခုနှစ်၊ ဖေဖော်ဝါရီလ(၆) ရက်။

အကြောင်းအရာ။ **ရေကြောင်းသတိပေးချက် ထုတ်ပြန်ခြင်းကိစ္စ။**

ရည်ညွှန်းချက် ။ (၁) လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ (၂၈-၁-၂၀၁၉) ရက်စွဲပါ စာအမှတ်၊ MOEE - ၁/၂ (လုံခြုံရေး-၂) (၁၄၇၃) / ၂၀၁၉

(၂) ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ (၂၉-၁-၂၀၁၉) ရက်စွဲပါ စာအမှတ်၊ ပဆ-(၃)/(Notice-DMA)/(၂၅၈)

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ မြန်မာ့ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Total E&P Myanmar ရေနံကုမ္ပဏီသည် ကမ်းလွန်ရတနာစီမံကိန်းမှ ထွက်ရှိသော သဘာဝဓါတ်ငွေ့များကို ၃၆ လက်မပိုက်လိုင်းဖြင့် ROV Inspection and Maintenance Operations လုပ်ငန်းများ ဆောင်ရွက်ရန် ဓမင်းဆိပ်ကမ်းခြေမှ ရတနာပလက်ဖောင်းအထိ MV. POSH DAUNTLESS (Call Sign: T2HH5) ရေယာဉ်ဖြင့် 36" Pipe Line Sub-sea pipeline span rectification လုပ်ငန်းများကို (၂၅-၂-၂၀၁၉) ရက်နေ့မှ (၃၀-၃-၂၀၁၉) ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ရည်ညွှန်း (၁) ပါ စာဖြင့် အကြောင်းကြားလာပါသည်။

၂။ 36" Pipe Line Sub-sea pipeline span rectification ဆောင်ရွက်မည့် ပိုက်လိုင်းတစ်လျှောက် Coordinates များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| Point | Latitude | Longitude |
|---|---|---|
| Daminseik Shore | 14˚ 34' 30.8172" N | 97˚ 40' 33.9423" E |
| Yadana Platform | 14˚ 55' 58.2132" N | 95˚ 43' 41.4451" E |

၃။ သို့ဖြစ်ပါ၍ (၂၅-၂-၂၀၁၉) ရက်နေ့မှ (၃၀-၃-၂၀၁၉) ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ ပိုက်လိုင်းတစ်လျှောက်၏ ဘေးဘယ်ညာ ၂.၅ မိုင်ပတ်လည်အတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်း သင်္ဘောများ၊ စက်တပ်သမ္ဗာန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်း ခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်း မရှိစေရန်အတွက် ရေကြောင်းသတိပေးချက် (Notice to Mariners) အား ထုတ်ပြန်ကြေညာအပ်ပါသည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
ကိုကိုနိုင်-ညွှန်ကြားရေးမှူး(SSE)